**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး**

**(၂၅)ရက်မြောက်နေ့ အစီအစဉ်**

**[ ၇–၃–၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးဌေးလွင်(ခ)ဦးဒီလုံး၊ နမ့်စန် မဲဆန္ဒနယ်၏ **နမ့်စန်မြို့နယ် ဘောလုံးကွင်းအနီးတွင် အားကစားရုံ တည်ဆောက်ရန်နှင့် ကြက်ခြေနီရုံး တည်ဆောက်ရန် မြေနေရာအတွက် ဝန်ကြီးဌာနအချင်းချင်း ကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **တောင်ကုတ်မြို့နယ်၊ ကျော်ကိုင်းကျေးရွာအုပ်စု၊ ကျော်ကိုင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးလှူတယ်ဟုန်(ခ)ဦးအောင်ရွှေ၊ လောက်ကိုင် မဲဆန္ဒနယ်၏ **လောက်ကိုင်မြို့နယ်ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ဆရာဝန်များ အပြည့်အဝ ခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်စိန်၊ ထားဝယ် မဲဆန္ဒနယ်၏ **ထားဝယ်ပြည်သူ့ဆေးရုံကြီးကို လက်ရှိ ခုတင်(၂၀၀)အဆင့်မှ ခုတင်(၅၀၀)အဆင့်ရှိ ဆေးရုံကြီးအဖြစ် တိုးချဲ့ခွင့်ပြု ဖွင့်လှစ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဆလိုင်းရီယန်းဗဲလ်၊ ဖလမ်း မဲဆန္ဒနယ်၏ **ဖလမ်းမြို့နယ်၊ ရမ်တလိုရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေး ဌာန (Rural Health Center) အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမင်းသိန်း၊ ငါန်းဇွန် မဲဆန္ဒနယ်၏ **ငါန်းဇွန်မြို့နယ်၊ သားကျောင်းအုပ်စု၊ သားကျောင်းရွာတွင် တိုက်နယ်ဆေးရုံ တစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ က တင်သွင်းသည့် **"မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသည့် **"မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်က တင်သွင်းသည့် **"ကျန်းမာသန်စွမ်းသော အနာဂတ်လူငယ်များဖြစ်ထွန်း ပေါ်ပေါက်လာစေရေးအတွက်**

**ကျောင်းကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့် မူဝါဒချမှတ်ကာ သင့်လျော်သော ဘဏ္ဍာငွေကို နှစ်စဉ်ထည့်သွင်းသတ်မှတ်ပြီး နိုင်ငံတော်နှင့် ဆီလျော်ကိုက်ညီသော နည်းလမ်းကောင်းများကို အသုံးပြုလျက် ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနနှင့်အတူ ဆက်စပ်နီးနွယ်သည့် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်း၍ ရေရှည်စီမံချက်တစ်ရပ် ရေးဆွဲဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးတင်လှ၊ ခနောက်စွဲ မဲဆန္ဒနယ်၊

(ခ) ဦးဉာဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၊

(ဂ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

(ဃ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၊

(င) ဗိုလ်မှူးထင်လင်းဦး၊ တပ်မတော်သားကိုယ်စားလှယ်၊

(စ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၊

(ဇ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၊

(ဈ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

(ည) ဦးစောကျော်ဝင်းမောင်၊ ကျိုက်မရော မဲဆန္ဒနယ်၊

(ဋ) ဗိုလ်မှူးမိုးမြင့်အောင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဌ) ဒေါ်ဝင့်ဝါထွန်း၊ ရွာတော မဲဆန္ဒနယ်၊

(ဍ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၊

(ဎ) ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်၊

(ဏ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။